မြို့သစ်ကျေးရွာ

မြို့သစ်ကျေးရွာအုပ်စု၊ မိုးမောက်မြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မြို့သစ်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးမောက်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဖေဖော်ဝါရီလ၊ ၂၀၂၃

**မာတိကာ**

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

**(င) ပညာရေး**

**(စ) ကျန်းမာရေး**

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**(ဇ) ကျား – မ ရေးရာ**

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) – PRA Tools များ

(က) ကျေးရွာသယံဇာတပြမြေပုံ

( ခ ) ရာသီခွင်ပြ ပြက္ခဒိန်

( ဂ ) အဖွဲ့အစည်းချိတ်ဆက်မှု




**မြို့သစ်ကျေးရွာ သယံဇာတပြမြေပုံ**

## မြို့သစ်ကျေးရွာ၊ ရွာတွင်း/ရွာပြင် အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှု ဇယား

ရွာတွင်းအဖွဲ့အစည်း:
၁ အုပ်ချုပ်ရေး
၂ ဂေါပက
၃ လူပျို/အပျို
၄ ပေါ်ဒိုင်
၅ မယ်ဒိုင်
၆ နာရေးကူညီမှုအသင်း
၇ ရပ်မိရပ်ဖ
၈ မီးသတ်အဖွဲ့
၉ ကျောင်းအကျိုးတော်ဆောင်
၁၀ မိဘဆရာအသင်း
၁၁ အမျိုးသမီးရေးရာ
၁၂ မိခင်နှင့်ကလေးစောင့်ရှောက်ရေး
၁၃ ပရဟိတ

ရွာပြင်အဖွဲ့အစည်း
၁ UNDP
၂ မြစ်မင်းရောင်




## မြို့သစ်ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | အလုပ်အကိုင် | | | | | | | | | | - | | |
| ၃ | ရောဂါ(လူ) | | | | | | - | - | - | | - | - | - |
| ၄ | ရောဂါ(တိရစ္ဆာန်) | - | | | - | - | | - | - | - | - | - | - |
| ၅ | သဘာဝဘေး | - | - | - | | | - | - | - | - | - | - | - |
| ၆ | ဝမ်းစာလုံလောက်မှု | | | | | | | | | | | | - |
| ၇ | ပျော်ပွဲရွှင်ပွဲ | | | | | | | | | | | | |
| ၈ | အသီးအနှံ(ရောဂါ) | - | - | - | - | | | - | - | - | - | - | - |
| ၉ | ရေရရှိမှု | | | | | | | | | | | | |
| ၁၀ | ဝင်ငွေ | 10% | 10% | - | - | - | - | - | 50% | 100 | 50 | 100 | 50 |

## မြို့သစ်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှု စနစ်

### ၁။ တည်နေရာနှင့် ပထဝီအနေအထား

မြို့သစ်ကျေးရွာသည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ် မှ မိုင် ၂၃ ခန့် အကွာတွင် တည်ရှိပြီး ၊မင်းကျမ်းကျေးရွာနှင့် ထိစပ်နေသော ကျေးရွာလေး တစ်ရွာဖြစ်ပါသည်။ မိုးမောက်မြို့၏ တောင်ဘက်မှ စီးဆင်းလာသော ကျေးရွာသည် မိုးတွင်း ကာလ ရေကြီးချိန်တွင် မြစ်ချောင်းဘေးရှိ အိမ်များနှင့် လယ်များသည် ရေလွှမ်းမိုးမှု ခံရသည်။

### ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ( ၇၅ )ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ စွယ်တော်၊ကုက္ကိုပင်၊ သရက်ပင်၊ငှက်ပျော်ပင်နှင့် သဖန်းပင် စသော အပင်များ ပေါက် သည်။ မိုးစပါး သီးနှံ စိုက်ပျိုးနိုင်သော လယ်ဧက ၁၃၉.၅ ဧကရှိသည်။ချောင်းရေကို ရေစုပ်စက်ဖြင့် စုပ်တင်ပြီး နွေစပါးစိုက်ပျိုးနိုင်ကြသည်။ သဘာဝပေါက် ဆေးဖက်ဝင် အပင်များမှာ ဆင်တုံး မနွယ်၊ ကြောင်လျှာပင်၊ နနွင်းဝါ၊ ငရုတ်ကောင်း၊ တမာ၊ ဝါးနှင့် ကျွန်းများရှိသော်လည်း ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ အသုံးပြုကြပါသည်။

### ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

#### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မြို့သစ်ကျေးရွာတွင် အဖွဲ့ပေါင်း(၈)ဖွဲ့ရှိပြီး စီးပွားရေးကို အခြေခံသော အဖွဲ့(၂)ဖွဲ့ ၊ လူမှုရေး သီးသန့်အခြေခံသော အဖွဲ့(၄)ဖွဲ့၊ လူမှုရေးနှင့်ဘာသာရေးကို ပူးတွဲလုပ်ကိုင်သော အဖွဲ့ (၂) ဖွဲ့ရှိပါသည်။၎င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိကိုယ်တိုင်လိုအပ်ချက်အရ ဖွဲ့စည်းထားသောအဖွဲ့များ ဖြစ်ပါသည်။တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အပြန်အလှန် ယုံကြည်မှုရှိကြပါသည်။ လုပ်ငန်း လုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ် တည်နိုင်ကြသည်။ ပြင်ပ လုပ်ငန်းလိုအပ်ချက်အရ အဖွဲ့အစည်းများရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝ ရှိကြသည်။

#### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

မြို့သစ်ကျေးရွာ၏ အဓိက ဝင်ငွေရ လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း များဖြစ်သည်။ မိုးရာသီတွင် စပါးနှင့်တောင်ယာများ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးတွင် လယ်ယာ မြေပိုင်ဆိုင်မှုနည်း၍ မြေဆီဩဇာ အသင့်တင့် ကောင်းမွန်သည်။ စီးပွားရေး လုပ်ငန်း

တွင် ဈေးရောင်းချခြင်း၊နေ့စားလုပ်ကိုင်ခြင်း၊ကျပန်းလုပ်ကိုင်ခြင်းများရှိသည်။ကျေးရွာ၏ အနိမ့်ပိုင်း လယ်များသည် မိုးရာသီတွင် ရေမြုပ်ခြင်း စပါးပင်များ ပုတ်ပြီး ပြန်လည် စိုက်ပျိုးရသည့် အခက်အခဲများ ရှိသည်။ ထို့ကြောင့် ရေနုတ်မြောင်းနှင့် ရေကာတာများ ရှိနိုင်ပါက ကောင်းစွာ စိုက်ပျိုးနိုင်မည် ဖြစ်သည်။စပါးတစ်ကေလျှင် တင်း(၄၀)တင်းမှ (၅၀)တင်းကြား ရှိပြီး တစ်ကေလျှင် ပျမ်းမျှ(၄၅)တင်း ထွက်ရှိနိုင်သည်။မိုးစပါးကို ဇူလိုင်လ တွင် စိုက်ပျိုးပြီး နိုဝင်ဘာ လတွင် ရိတ်သိမ်းကြသည်။

ဟင်းသီးဟင်းရွက်များကို စီးပွားဖြစ် စိုက်ပျိုးလေ့မရှိဘဲ အိမ်စားသုံးရန်အတွက်သာ စိုက်ပျိုးကြသည်။ ဟင်းသီးဟင်းရွက်များ သီးနှံများကို ဈေးကွက် ကောင်းစွာ မရရှိသဖြင့် စိုက်ပျိုးခြင်း မရှိကြပါ။ စိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံများ ထွက်နှုန်း အားနည်းပြီး ဝင်ငွေ ရနည်းသောကြောင့် လူငယ်များသည် ပြင်ပသို့ထွက်၍ ဝင်ငွေထွက်ရှာကြရသည်။ အကျိုးဆက်အနေနှင့် ရွာတွင် လုပ်ငန်းများ ရှားပါးလာသည်။

ကျေးရွာတွင် မြေယာမဲ့ များပြားပြီး မြေကေပေါင်း(၁၃၉.၅)ကေသာ ရှိပြီး တောင်သူငယ်များသာ ရှိသည်။ကျေးရွာတွင် အိမ်မွေးတိရစ္ဆာန်များကို စီးပွားဖြစ် မွေးမြူနိုင်သော်လည်း မွေးမြူထားခြင်း မရှိကြပါ။ မြို့သစ်ကျေးရွာတွင် ကျွဲ(၉၃)ကောင်၊နွား(၈၁)ကောင်၊ ဝက်(၁၉) ကောင်၊ ကြက်(၁၁၈၅)ကောင် မွေးမြူထားပါသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

မြို့သစ်ကျေးရွာတွင် သောက်ရေတွင်း(၉)တွင်း၊ အဝီစိတွင်းစက်တပ်(၁၆)တွင်းနှင့် အဝီစိတွင်း တုံကင်(၆၂)တွင်းနှင့် အခြားအိမ်ထောင်စုများသည် စိမ့်စမ်းရေနှင့် မြစ်ချောင်းရေကိုသာ အသုံးပြုကြသည်။ ရေ၏ အရည်အသွေးမှာ စစ်ဆေးတွေ့ရှိချက်အရ အသင့်တင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် အထက်တန်းကျောင်း အဆင့်ရှိပြီး ကျောင်းသား၊ကျောင်းသူဦးရေ မှာ ကျား(၁၆၆)ဦး၊မ(၂၀၈)ဦး ရှိပါသည်။ ကျောင်းသား/သူများသည် ကျောင်းမှ ကျေးရွာသို့ (၁)မိုင်ခန့် အကွာ သွားရောက်၍ တက်ရောက်ကြရပါသည်။

ရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်း၊ကျောက်ချောလမ်း၊မြေနီလမ်းတို့ဖြစ်ပါသည်။ ကွန်ကရစ် လမ်းနှင့် ကျောက်ချောလမ်းသည် နွေ၊ မိုး၊ ဆောင်း သွားလာရ လွယ်ကူ၍ မြေနီလမ်းသည် မိုးအခါတွင် ရွှံ့ဗွက်အသွင်ပြောင်းပြီး အလွန်သွားလာရ ခက်ခဲသဖြင့် အလွန်ညံ့သည်ဟု ဆိုနိုင်ပါသည်။လမ်းအရှည်မှာ ၀ မှ ၁ မိုင်ရှိပါသည်။ ရွာချင်းဆက်လမ်းများလည်း ကောင်းမွန်ပါသည်။

ကျေးရွာတွင် အဖြစ်များသော ရောဂါမှာ ဆီးချို၊ သွေးတိုး၊ ငှက်ဖျား၊ ဝမ်းပျက် ဝမ်းလျှော ရောဂါများ ဖြစ်ပါသည်။ကျေးရွာတွင် တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ လူမှုကူညီရေး အသင်းများ ရှိသဖြင့် အချိန်မီ ဆေးရုံ၊ဆေးခန်းများသို့ ကူညီပို့ဆောင်ပေးနိုင်သဖြင့် အသက်ဆုံးရှုံးမှု မရှိပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကျန်းမာရေးပညာပေးဟောပြောပွဲများကြောင့် မိသားစုများသည် သန့်ရှင်းသပ်ရပ်သော ရေလောင်းအိမ်သာ၊ယင်လုံအိမ်သာများကို အသုံးပြုကြပြီး ကျေးရွာတွင် အိမ်တိုင်း၌ ယင်လုံအိမ်သာများ ရှိကြပါသည်။

ကျေးရွာတွင်း မဟာဓါတ်အားလိုင်း သုံးစွဲသူ အိမ်ထောင်စု(၂၈၂)စု ၊ဆိုလာစနစ်သုံးစွဲသူ အိမ်ထောင်စု(၃၇)စုနှင့် လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စု(၁၉)စု ရှိပါသည်။ ဆိုလာစနစ်သုံး အိမ်ထောင်စုများမှာ ရာသီဥတု မကောင်းပါက အားမပြည့်၍ ကျောင်းသား၊ ကျောင်းသူများ စာကြည့်မီးကိုသာ သုံးရသည်။ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးမပြုနိုင်သောကြောင့် အခက်အခဲများ ရှိပါသည်။

ကျေးရွာတွင် အနီးဆုံးဈေးမှာ မင်းကျမ်းဈေးဖြစ်ပြီး ၀ မှ ၁ မိုင်ခန့် ကွာဝေးပါသည်။ ကျေးရွာမှ ထွက်သော စပါး၊ပဲပြောင်း စသည့်ကုန်များ ရောင်းမည်ဆိုပါက ကျေးရွာမှ မိုင်(၂၅)မိုင်ကျော်ခန့် ဝေးသော ဗန်းမော်ဈေးသို့ ကား၊ထော်လာဂျီများကို ငှား၍ သွားရောင်းရပါသည်။ ရောင်းချသည့် ကုန်သည်များ ပို့ဆောင်ရာတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သော်လည်း ဈေးကောင်းရရှိရန် လိုအပ်ပါသည်။ ဈေးကွက် ပုံမှန်ရှိရန် လိုအပ်ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

မြို့သစ်ကျေးရွာတွင် အစိုးရမှ ချေးငွေ ရရှိနိုင်သည့် ဘဏ်နှင့်ဝန်ဆောင်မှုမှာ (UNDP)နှင့် မြစ်မ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများမှလည်း ချေးယူရရှိနိုင်ပါသည်။အတိုးနှုန်းမှာ (၁.၅%) ဖြစ်ပြီး အတိုးနှုန်းသက်သာစွာဖြင့်ချေးပေးသည့်အတွက် ကျေးရွာပြည်သူများအတွက် များစွာ အထောက် အကူပြုပါသည်။

## (င) ပညာရေး

မြို့သစ်ကျေးရွာတွင် အထက်တန်းကျောင်းအဆင့်ရှိပြီး မူလတန်းနှင့်အလယ်တန်း၊ အထက်တန်း ကျောင်းသားဦးရေမှာ(၃၇၄)ဦးရေ ရှိပါသည်။ ကျောင်းသုံးစာအုပ်နှင့် စားပွဲ၊

ကုလားထိုင်၊ စာသင်ခုံ များလည်း လိုအပ်ချက်ရှိပါသည်။ကျေးရွာတွင် ကျောင်းကော်မတီ၊ မိဘ ဆရာအသင်းများမှ ကူညီ ပံ့ပိုးပေးမှု ရှိသော်လည်း ကျောင်းအိမ်သာ အခြေအနေမှာ ကောင်းမွန်ပြီး လုံလောက်မှု မရှိသေး ပါ။တပည့်ဆရာ အချိုးအစရ ၄၀း၁ အထက်ရှိသောကြောင့် ဆရာ/ ဆရာမ လုံလောက်မှု အင်အား နည်းပါသည်။ မသန်စွမ်း ပညာရေးတွင် ပညာရေး အထူး အစီအစဉ်မရှိပါ။ ဆင်းရဲသော မိသားစု များအတွက် ကျောင်းစရိတ်၊စာအုပ်နှင့် ကျောင်းသုံး ပစ္စည်းများ လိုအပ်ချက် အနည်းငယ် ရှိပါ သည်။ ကျောင်းတွင် အားကစားကွင်း ရှိသော်လည်း အားကစား လိုက်စားမှု နည်းပြီး အားကစား ပစ္စည်းများ အလုံလောက် မရရှိပါ။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ နည်းပြီး လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာ နိမ့်ကျဆဲ ဖြစ်ပြီး ၎င်း အတွက် ဖွံ့ဖြိုးရေး အစီအစဉ်များ မရှိကြပါ။

## (စ) ကျန်းမာရေး

မြို့သစ်ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ၄က်ဖျားရောဂါနည်းပြီး ဆီးချို၊ သွေးတိုး၊ခေါင်းမူးခေါင်းကိုက် ရောဂါများ ဖြစ်ပွားသည်။ အသက်ရှူလမ်းကျောင်းနှင့် ကူးစက် ရောဂါနှင့် လိင်မှတဆင့် ကူးစက်ရောဂါ၊ တီဘီရောဂါ၊ အဟာရ ချို့တဲ့ရောဂါနည်းသည်။ဟင်းချိုမှုန့် အလွန်ကျွံ စားသုံးခြင်း၊ဓါတုဆေးဝါး ပါသော အသားငါး၊စားသုံးဆီ၊ ဟင်းသီးဟင်းရွက်နှင့် အသီးများ အရောင်ချွတ်ဆေး ပါသော အစားအစာများကို နေ့စဉ် မလွဲမသွေ စားသုံးနေခြင်း၊ ကျန်းမာရေး လေ့ကျင့်ခန်း ပြုလုပ်သည့် အလေ့ထ မရှိခြင်းတို့ကြောင့် ဆီးချို ၊သွေးတိုးရောဂါမှာ အဆိုးဆုံး ဖြစ်ပွားပြီး ကျန်းမာရေး ကုန်ကျစရိတ် များကြသည်။ အသည်းရောင်(ဘီ/စီ)မှာလည်း အသက်ရှူလမ်းကြောင်းမှ ကူးစက်မှုနှင့် လူအသုံးအဆောင်ပစ္စည်းများ ရောဂါရှိသူများနှင့်အတူ သုံးစွဲရာမှတဆင့် အသည်းရောင်(ဘီ/စီ)သည် ကျေးရွာတွင် ကူးစက်နိုင်မှု နည်းသည်။ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်းများ ကျန်းမာရေးသုံး လေ့ကျင့်ခန်း ကိရိယာများရှိသည်။ကာကွယ်ဆေးလည်း ပုံမှန်ထိုးပေးလေ့ရှိပါသည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် မြေဆီမြေသြဇာ အခြေအနေတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီသြဇာ လျော့နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။လူ့အသုံးဝင် အပင်မျိုးစိတ်များ ဖြစ်သော ဝါးသစ်၊ဆေးဘက်ဝင်အပင်များ သစ်ခွ စသည်တို့မှလည်း စည်းကမ်းမဲ့ ထုတ်ယူသုံးစွဲခြင်း

နှင့် ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်တက် နိုင်သည်။သစ်တောနှင့် ဝါးတောများ ပြုန်းတီးမှုကြောင့် ရေထွက်နှင့်ရေအရင်းမြစ်များ ခန်းခြောက်လာသဖြင့် ရေအရင်းအမြစ်များအတွက် ရေရရှိမှု အန္တရာယ်မြင့်သည်။ ဘက်ထရီဖြင့် ငါးရှော့တိုက်ခြင်း၊ပိုးသတ်ဆေးဖူးခွံများကို ချောင်းမြောင်းများတွင် စည်းကမ်းမဲ့ စွန့်ပစ်မှုများကြောင့် ငါးများပြုန်းတီးလာကြပြီး အန္တရာယ်ရှိမှု မြင့်သည်။ သဘာဝ တောရိုင်းတိရစ္ဆာန်များ အသင့်တင့်ရှိပြီး သားကောင်ဖမ်းခြင်း၊ မုဆိုးလိုက်ခြင်းများ မတွေ့ရပါ။ တိရစ္ဆာန်များလည်းအန္တရာယ်ကင်းကြသည်။

**(၉) ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်ရေးအနေဖြင့် ကျေးရွာလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု ခေါင်းဆောင်မှု မရှိသေးပါ။ လူထုမှ ရွေးချယ်တင်မြှောက်ကြသော်လည်း အမျိုးသမီးများမှာ မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းသောကြောင့် တာဝန်ယူနိုင်ခြင်း မရှိသေးပါ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပါဝင်လုပ်ကိုင်ကြသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းများတွင် အမျိုးသားများနှင့် အမျိုးသမီးများ လုပ်အားခ တန်းတူရရှိပြီး ကျွမ်းကျင်မှု အခြေခံစသော ဆောက်လုပ်ရေးနှင့် ပန်းရံလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူ ရရှိကြပါသည်။ဆောက်လုပ်ရေးလုပ်ငန်းတွင် ဝင်ငွေအသင့်တင့် ရရှိပြီး (၁)ရက်လျှင် လုပ်အားခ (၈၀၀၀) ကျပ် ရရှိကြပါသည်။ထို့ကြောင့် ကျား၊မ လုပ်အားခသည် သိသာစွာ ခွဲခြားမှုမရှိဘဲ တန်းတူရသည်ဟု ဆိုနိုင်ပါသည်။များသောအားဖြင့် အမျိုးသမီးများသည် ဈေးရောင်းဈေးဝယ် လုပ်ကိုင်ကြသည်ကို အများအပြား တွေ့ရှိရပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ မြေရာပိုင်ဆိုင်ခွင့် ပုံစံ(၇) ရရှိရေး<br>၂။ တယ်လီဖုန်းတာဝါတိုင် ရရှိရေး<br>၃။ ကျေးရွာတွင်း မိတ္တူကူးစက်ရရှိရေး<br>၄။ မွေးခန်းမွေးကုတင်ရရှိရေးနှင့် ကျန်းမာရေးဆေးခန်းအတွက် မီးစက်ရရှိရေး | ၁<br>၁<br>၁<br>၁ |
| ၂ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ စာသင်ကျောင်းနှင့်ကျေးရွာအတွင်းအသုံးပြုနိုင်ရန်အတွက် ကွန်ပျူတာ၊ မိတ္တူကူးစက်ရရှိရေး<br>၂။ မူကြိုကျောင်းဆရာမများလိုအပ်ခြင်း<br>၃။ ကျောင်းစာကြည့်တိုက်နှင့် စာအုပ်များရရှိရေး<br>၄။ စာသင်ကျောင်းအတွက် ရေဒီယိုအသံချဲ့စက်နှင့် စောင်းဘောက်၊ မိုက်၊ စက်များ ရရှိရေး | ၁<br>၁<br>၁<br>၁ |
| ၃ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ ကျေးရွာလူငယ်တီးဝိုင်းအတွက် မိုက်၊ စောင်းဘောက်၊ ကီးဘုတ် ရရှိရေး<br>၂။ အပျို၊ လူပျိုများအတွက် စားပွဲ၊ ထိုင်ခုံများ ရရှိရေး<br>၃။ ပေါ်ခိန်၊ မယ်ခိန်အတွက် ထမင်းပေါင်းအိုး၊ ဒယ်အိုး ရရှိရေး | ၁<br>၁<br>၁ |
| ၄ | လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း<br>၂။ ဆိုလာအိမ်တိုင်ရရှိရေး<br>၃။ ကျေးလက်ရေတွင်းများ လိုက်လံစစ်ဆေးပေးခြင်း | ၁<br>၁ |
| ၅ | အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ မွေး/ကု သင်တန်း ဖွင့်လှစ်ပေးရန်<br>၂။ အသက်မွေးဝမ်းကျောင်းနည်းပညာပေးသင်တန်းပေးရန်<br>၃။ စိုက်ပျိုးရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးရန် | ၁<br>၁<br>၁ |

**နောက်ဆက်တွဲ (၁)**

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **၁။ ကဏ္ဍ-အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု** | | | | | |
| ကျေးရွာရှိအဖွဲ့အစည်းများ စွမ်းဆောင်ရည်အားနည်းခြင်း | ခေါင်းဆောင်တစ်ဦး တည်းကသာ ဆုံးဖြတ်ချက်ချမှတ်ပြီး ကျန်ရွာသူ/သားများက လိုက်လုပ်နေရခြင်း၊အဖွဲ့အစည်းဆိုင်ရာအခြေခံသဘောတရားနှင့်ဆိုင်သောဗဟုသုတအားနည်းခြင်း | ကျေးရွာတွင်ကျေးရွာ၏ဖွံ့ဖြိုးရေးကို သီးခြားစီတာဝန်ခွဲလုပ်ကိုင်နေကြသောအဖွဲ့အစည်းများစွာရှိသည် | ကျေးရွာတွင် ဦးစီးဦးကိုင်ခေါင်းဆောင်များ မရှိခြင်း၊မညီညွတ်ခြင်း ရွာသူ/ရွာသားများ ဝိုင်းဝန်းပံ့ပိုးမှုအားနည်းခြင်း | ကိုယ်ကျိုးမဘက်ဘဲ တာဝန်သိတက်မှုခေါင်းဆောင်ပိုင်းများ လိုအပ်မှု | **အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု ဖွံ့ဖြိုးရေး သင်တန်း များ**<br>၁။ မြေယာပိုင်ဆိုင်ခွင့်ပုံစံ(၇) ရရှိရေး |
| ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များမရရှိနိုင်ခြင်း | တယ်လီဖုန်းလိုင်းများ ကောင်းစွာမရှိခြင်း ကြောင့် | လူအင်အား တာဝါတိုင် စိုက်ထူမည့်နေရာ | ငွေကြေးလုံလောက်မှု မရှိခြင်းကြောင့် | VDP စီမံကိန်းမှ သက်ဆိုင်ရာ ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြတောင်းခံရန် | ၂။ တယ်လီဖုန်းတာဝါ တိုင် ရရှိရေး |

| | | | | | |
|---|---|---|---|---|---|
| အုပ်ချုပ်ရေး လုပ်ငန်းများ စာစီစာရိုက်လုပ် ငန်းများ ခက်ခဲခြင်း | ကျေးရွာအတွင်းမိတ္တူကူး စက်အလွယ်တကူ မရရှိခြင်း | ကျေးရွာအုပ်ချုပ်ရေးရုံး မရှိခြင်း | ငွေကြေးမလုံလောက်ခြင်း | ကျေးလက်ဦးစီးဌာနသို့ တင်ပြရန် | ၃။ ကျေးရွာတွင်း မိတ္တူကူးစက်ရရှိရေး |
| ကျန်းမာရေး ဌာနတွင်မွေး လူ နာများအတွ က် ခက်ခဲခြင်း | မွေးလူနာများအိမ်သို့ သွားရောက်မွေးဖွားပေးရ ခြင်းကြောင့် | မွေးခန်းနေရာမရှိ၊ သားဖွား သူနာပြုရှိခြင်း | ငွေကြေးမလုံလောက်ခြင်း | ကျန်းမာရေးဌာနသို့ တင်ပြတောင်းခံရန် | ၄။ မွေးခန်းမွေးကုတင် ရရှိရေးနှင့် ကျန်းမာ ရေးဆေး ခန်းအတွက် မီးစက် ရရှိရေး |
| **၂။ ကဏ္ဍ - ပညာရေး** | | | | | |
| စာမေးပွဲ အတွက်မေးခွ န်း လွှာများ အခြား စာရိုက်ကူးစ ရာများဆောင် ရွက် ရန် ခက်ခဲခြင်း | ရွာအတွင်း မိတ္တူကူး ဆိုင်မရှိ၍ အမြန်မရရှိ နိုင်ခြင်း | ကွန်ပျူတာနှင့် မိတ္တူကူး စက်များ အခြင်းအသုံးပြု မည့်နည်းပညာနှင့် ဆရာ များ မရှိခြင်း | ငွေကြေး၊ နည်းပညာပေး ဆရာ၊ ဆရာမများ မရှိခြင်း | ကျေးလက်ဖွံ့ဖြိုးရေးဦးစီး ဌာန၊ ပညာရေးဝန်ကြီး ဌာနသို့ တင်ပြတောင်းခံရန် | **ပညာရေးဖွံ့ဖြိုးမှုစီ မံ ကိန်း** ၁။ စာသင်ကျောင်းနှင့် ကျေးရွာအတွင်းအသုံး ပြု နိုင်ရန်အတွက် ကွန်ပျူတာ၊ မိတ္တူ ကူးစက်ရရှိရေး |
| အစိုးရခန့်ဆ ရာ ဆရာမများ မရှိခြင်း | ရွာအတွင်းခန့်ထားသော ဆရာမများသာရှိခြင်း | မူကြို့ကျောင်းရှိခြင်း | ငွေကြေးလုံလောက်မှု မရှိခြင်း | ရပ်မိရပ်ဖများနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့၊လက် ရှိ မူအုပ်ပညာရေးကော်မတီ အဖွဲ့မှမြို့နယ်ပညာရေးဝန် ကြီးဌာနသို့ တင်ပြရန် | ၂။ မူကြို့ကျောင်းဆရာ မများလိုအပ်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| ကလေးသူငယ်များအကြားအမြင်ဗဟုသုတမရှိ၍ကျောင်းစာများတွင်အထောက်အကူမရနိုင်ခြင်း | နေ့ကျောင်းပိတ်ရက်တွင်စာအုပ်၊စာပေမဖတ်ရခြင်း ဖတ်ရန်စာအုပ်များလည်းမရှိခြင်း | ဖတ်ရှုလေ့လာမည့်ကျောင်းသား/သူများ ဆရာမများရှိသော်လည်း စာကြည့်တိုက်မရှိခြင်း | ငွေကြေးလုံလောက်မှုမရှိခြင်း | VDP စီမံကိန်းမှ ပညာရေးဝန်ကြီး ဌာနသို့ တင်ပြတောင်းခံရန် | ၃။ ကျောင်းစာကြည့်တိုက်နှင့် စာအုပ်များ ရရှိရေး |
| ကျောင်းအစည်းဝေးတွေ့ဆုံပွဲစုံညီပွဲတော်များ ပြုလုပ်ရာတွင် စကားပြောရန်နှင့်အကပဒေသာများဆောင် ရွက်ရန်ခက်ခဲ ခြင်း | စက်ပစ္စည်းများ မပြည့်စုံခြင်းနှင့် ကောင်းမွန်စွာမသုံးစွဲရခြင်း | မိဘဆရာ/မအသင်းမှကူညီမှုအားခြင်း | ငွေကြေးလုံလောက်မှုမရှိခြင်း | VDP စီမံကိန်းနှင့် သက်ဆိုင်ရာဌာနသို့ တင်ပြတောင်းခံရန် | ၄။ စာသင်ကျောင်း အတွက် ရေဒီယိုအသံချဲ့ စက်နှင့် စောင်းဘောက်၊ မိုက်၊ စက်များ ရရှိရေး |
| **၃။ ကဏ္ဍ- လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း** | | | | | |
| ပျော်ပွဲရွှင်ပွဲမပြုလုပ်နိုင်ခြင်း | တီးဝိုင်းပစ္စည်းမရှိခြင်း | လူငယ်အင်အားရှိသော်လည်း တီးဝိုင်းမရှိခြင်း | ငွေကြေးလုံလောက်မှုမရှိခြင်း | VDP စီမံကိန်းမှ သက်ဆိုင်ရာဌာနသို့ တင်ပြ တောင်းခံရန် | **လူငယ်ဖွံ့ဖြိုးရေး စီမံကိန်း**<br>၁။ ကျေးရွာလူငယ် တီးဝိုင်းအတွက်မိုက်၊စောင်းဘောက်၊ ကီးဘုတ် ရရှိရေး |

| | | | | | |
|---|---|---|---|---|---|
| အသုံးအဆောင် ပစ္စည်းများ မလုံလောက်ခြင်း | သာရေး/နာရေးပြုလုပ်ရာတွင်လူပရိတ်သတ်များခြင်း | သိုလှောင်သိမ်းဆည်းရမည့်နေရာရှိခြင်း | ငွေကြေးလုံလောက်မှုမရှိခြင်း | VDP စီမံကိန်း မှ သက်ဆိုင်ရာဌာနသို့ တင်ပြ တောင်းခံရန် | ၂။ အပျို၊လူပျိုများ အတွက် စားပွဲ၊ထိုင်ခုံ များ ရရှိရေး |
| ချက်ပြုတ်ဆေးကြောရာတွင် ခက်ခဲခြင်း | လူမှုရေးကိစ္စ၊ သာရေး/နာရေးကိစ္စရပ်များတွင် အသုံးအဆောင်ပစ္စည်းများ မပြည့်စုံခြင်း | အသုံးပြုရမည့်လူအင်အားရှိခြင်း၊ သိမ်းဆည်းရမည့်နေရာရှိခြင်း | ငွေကြေးလုံလောက်မှုမရှိခြင်း | VDP စီမံကိန်း မှ သက်ဆိုင်ရာဌာနသို့ တင်ပြ တောင်းခံရန် | ၃။ ပေါ်ခိန့်၊ မယ်ခိန့် အတွက်ထမင်းပေါင်းအိုး၊ ဒယ်အိုး ရရှိရေး |
| **၄။ ကဏ္ဍ - လမ်းတံတားနှင့် အခြေခံအဆောက်အဦးများဖွံ့ဖြိုးရေးစီမံကိန်း** | | | | | |
| မိုးတွင်းဗွက်ဖြစ် ၍ပညာရေး၊ လူ မှုရေး၊ ဘာသာရေးများဆောင် ရွက်ရန် သွားလာရခက်ခဲခြင်း | ဝန်တင်ကားများအသွားများ၍ လမ်းများပျက်စီးခြင်း၊ ဗွက်ထခြင်း | လူလုပ်အားနှင့် သဲရရှိနိုင်သည် | ငွေကြေးလုံလောက်မှုမရှိခြင်း | ကျေးလက်ဦးစီးဌာနသို့ တင်ပြ အကူအညီတောင်းခံခြင်း | ၁။ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း |
| ပညာရေးနှင့် နေထိုင်ရေးတွင် အခက်ခဲရှိခြင်း | အိမ်တိုင်းကိုယ်ပိုင်ဆိုလာမဝယ်ယူနိုင်ခြင်း | နေရောက်ခြည်ကောင်းစွာရရှိနိုင်ခြင်း | ငွေကြေးလုံလောက်မှုမရှိခြင်း | ကျေးလက်ဦးစီးဌာနသို့ တင်ပြ အကူအညီတောင်းခံခြင်း | ၂။ ဆိုလာအိမ်တိုင် ရရှိရေး |
| အချို့ရေတွင်းများရေသန့်ရှင် | နွေရာသီတွင်ရေခမ်းခြောက်ခြင်း၊ တွင်းရေများ | ရေတွင်းများစနစ်တကျမထားရှိခြင်း၊ အများသုံး | ငွေကြေးလုံလောက်မှုမရှိခြင်း | ရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကျေး | ၃။ ကျေးလက်ရေတွင်း များ လိုက်လံစစ်ဆေး ပေးခြင်း |

| | | | | | |
|---|---|---|---|---|---|
| း<br>မှုမလုံလောက်မှု ဖြစ်ခြင်း | မသန့်ရှင်း၍တခါတရံ ဝမ်းလျှောရောဂါများ ဖြစ်ခြင်း | ရေတွင်းများဖြစ်ခြင်း | | လက်ဒေသဖွံ့ ့ရေးနှင့် ကျန်းမာရေးဌာနသို့တင်ပြရန် | |
| **၅။ ကဏ္ဍ– အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ ဖြိုးရေးစီမံကိန်း** | | | | | |
| တိရိစ္ဆာန်များ သေကြေပျက်စီးရခြင်း | တိရိစ္ဆာန်ကုသသော ဆေးဝါး/ဆရာလုံလောက်မှု မရှိခြင်း | သင်တန်းတက်ရောက်မည့် သူမရှိခြင်း | နည်းပညာဆေးဝါးမရှိခြင်း ငွေကြေးမလုံလောက်ခြင်း | မွေးမြူရေးနှင့်သက်ဆိုင်သောဌာနသို့ တင်ပြရန် | ၁။ မွေး/ကု သင်တန်း ဖွင့်လှစ်ပေးရန် |
| မိသားစုစား ဝတ်နေရေးမဖူလုံခြင်း | လက်မှုပညာမတတ်ကျွမ်း၍ အလုပ်လက်မဲ့ဖြစ်ခြင်း | စက်မှုပညာဆည်းပူးမည့် လူငယ်များအားနည်းခြင်း | ကျွမ်းကျင်စွာမတတ်မြောက်ခြင်း | အသက်မွေးဝမ်းဖွံ့ဖြိုးရေး စီမံကိန်းသို့တင်ပြရန် | ၂။ အသက်မွေးဝမ်း ကျောင်းနည်းပညာ ပေးသင်တန်းပေးရန် |
| စပါးနှင့်အခြားသီးနှံများပိုးကျခြင်း၊ စပါးအထွက်နည်းခြင်း | နည်းပညာမသိ၍ စိုက်ပျိုးရေးအားကောင်းစွာမလုပ်ကိုင်နိုင်ခြင်း၊လယ်ယာမြေပိုင်ဆိုင်မှုအားနည်းခြင်း | စိုက်ပျိုးမြေရှိခြင်း၊ လယ်ယာလုပ်ကိုင်မည့်သူရှိခြင်း၊ အများစုလယ် မရှိခြင်း | စိုက်ပျိုးရေးနည်းပညာမသိခြင်း၊ အဖျက်ပိုးများအတွက် ဆေးဝါးဖော်စပ်ရာတွင် ဗဟုသုတနည်းပါးခြင်း | စိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ ဌာနသို့တင်ပြတောင်းခံရန် | ၃။ စိုက်ပျိုးရေးနည်း ပညာသင်တန်းများ ဖွင့်လှစ်ပေးရန် |

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ဇယား)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | – | ၆ | ၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၅ | ၂၄ | ၄၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၂ | ၄၈ | ၉၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၁ | ၇၂ | ၁၄၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၆၀ | ၇၃၃ | ၁၃၉၃ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၄ | ၈၃ | ၁၁၇ |
| **စုစုပေါင်း** | | **၈၃၂** | **၉၆၆** | **၁၇၉၈** |
| **စုစုပေါင်း အိမ်ထောင်စု (၃၃၈)အိမ်** | | **တစ်အိမ်ထောင်လျှင်=၅.၃၁%** | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း၃၃၈ ရှိပြီး လူဦးရေပေါင်း ၁၇၉၈ (ကျား ၈၃၂+ မ ၉၆၆) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၃၁ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုံးဖြစ်သော ၅ ယောက်နှုံးထက် များသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၆ဦး၊ ၁.၆ % သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း ကျဆင်းလာနေသည်ကိုတွေ့ရသည်။ ၅ နှစ်အောက်ကလေး**၄၉** ဦး ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး **၉၀** ဦး **(**ကျား**၄၂+**မ**၄၈)** နှင့် အလယ်တန်းကျောင်း သားအရွယ် **၁၄၃** ဦး **(**ကျား **၇၁+**မ **၇၂)** သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာ နိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် **၁၃၉၃(**ကျား **၆၆၀+** မ **၇၇၃)**၊ ၁၃.၉၃% ရှိသောကြောင့် ကျေးရွာ တွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်များ ပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ် အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင် ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အထောက်အကူဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ် ကြီး **၁၁၇** ဦး **(**ကျား **၃၄+**မ **၈၃)** ဦး ရှိသည်။ ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်သည်ကို တွေ့ရသည်။

(၂-၁)အလုပ်လုပ်နိုင်သူအင်အား

ဇယား(၂)လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေ ချာ စွာဖတ်ပြီးမှန်ရာ တစ်ခုကိုရွေးရန်) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးရေးလုပ်ငန်းများ** | | | | | |
| **၁** | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၆ | ၁၃၈ | | မြင့် □ လတ် ☑ နိမ့် □ |
| | အလုပ်သမား/ဝန်ထမ်း | ၂၃ | ၆၉ | | မြင့် □ လတ် □ နိမ့် ☑ |
| **တိရစ္ဆာန်မွေးမြူရေး** | | | | | |
| ၂ | ကိုယ်ပိုင်လုပ်ငန်း | ၃၁ | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် ☑ |
| ၃ | **ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန်စသောရေသတ္တဝါများဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၃ | | မြင့် □ လတ် □ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |
| ၅ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း** | | | | |
| | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |
| **၆** | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |
| **၇** | **လျှပ်စစ်/ဓာတ်ငွေ့နှင့်ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |
| ၈ | **ဆောက်လုပ်ရေးလက်သမား၊ပန်းရံလုပ်ငန်း** | | | | |

| | | | | | |
|---|---|---|---|---|---|
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁ | ၁၅ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ယာဉ်၊စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာသင်တန်းပေးသူ)** | | | | |
| **၁၀** | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **လက်လီ-လက်ကားရောင်းဝယ်ရေး** | | | | |
| **၁၁** | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း** | | | | |
| **၁၂** | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး** | | | | |
| **၁၃** | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)** | | | | |
| **၁၄** | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ** | | | | |
| **၁၅** | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေးကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| **၁၆** | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ပညာရေး** | | | | |
| **၁၇** | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ကျန်းမာရေး** | | | | |
| **၁၈** | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **လူမှုရေးလုပ်ငန်းများ** | | | | |
| **၁၉** | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| | | | | | |
|---|---|---|---|---|---|
| ၂၀ | **အိမ်များတွင်အငှားလိုက်သူများနှင့်အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | ☒ |
| | ရာသီအလိုက်အလုပ်လက်သမား | ၁၃၅ | ၂၇၀ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် □ လတ် □ နိမ့် □ |

ရင်းမြစ် ..... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**အရေအတွက်တွင် **မိသားစုဝင်အင်အားထပ်မံထည့်သွင်း**ကောက်ခံခြင်းမပြုရပါ။ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်)အလုပ်သမား၊ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့်အခြေအနေကိုဆိုလိုပါသည်။ဥပမာ-စိုက်ပျိုးရေးကဏ္ဍ၏**ကိုယ်ပိုင်လုပ်ငန်း**တွင်ရပ်တည်နိုင်မှု**မြင့်**ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဝင်ငွေကောင်းသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု ကောက်ယူမှုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ လေ့လာတွေ့ရှိချက်အရ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုနှင့် ကိုယ်ပိုင် လုပ်ငန်းများ မရှိသောကြောင့် ရပ်တည်မှုအခြေအနေနိမ့်ပါးသည်ကို တွေ့ရသည်။

(၂-၂)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| **စဉ်** | **အလုပ်အကိုင်** | **ရေတွက်ပုံ** | **အများဆုံး(ကျပ်)** | | **အနည်းဆုံး(ကျပ်)** | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်, အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန် | နေ့စား | | | | |

ရင်းမြစ် ........ ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးနှင့်ဆောက်လုပ်ရေး၊ပန်းရံ၊လက်သမား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေမှာ တစ်ရက်လျှင် ကျား(၈၀၀၀)ကျပ်၊မ (၇၀၀၀)ကျပ်နှုန်းရှိသဖြင့် အသင့်အတင့်ရှိသည်ဟုဆိုနိုင်ပါသည်။၁နာရီလျှင် ၁၀၀၀ကျပ်နှုန်းဟု ဆိုနိုင်ပါသည်။သို့သော် အလုပ်အကိုင် နေ့တိုင်းမရရှိနိုင်ပါ။ထို့ကြောင့် စီးပွားရေးအခြေအနေနိမ့်သည်ကို တွေ့ရှိရပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ**

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အသင့်အတင့်ရှိ |
| ၂ | လူငယ်အဖွဲ့ | ၁☐ ၂☐ | ပညာရေး ☐ ငွေကြေး ☐ | အဖွဲ့ဝင်(၂၀)နှင့်အထက်ရှိပြီး |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | ၃☒ | ကျန်းမာရေး ☐<br>ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | စွမ်းဆောင်ရည်အသင့်အတင့်ရှိ |
| ၃ | ကျောင်းကော်မတီ | ၁☐ ၂☐<br>၃☒ | ပညာရေး ☒ ငွေကြေး☒<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၄ | မိခင်နှင့်ကလေးကျန်းမာရေး | ၁☐ ၂☐<br>၃☒ | ပညာရေး ☐ ငွေကြေး<br>ကျန်းမာရေး☒<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၅ | မြစိမ်းရောင် | ၁☒ ၂☐<br>၃☐ | ပညာရေး ☐ ငွေကြေး☒<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၆ | ဖြိုးထက်ခိုင် သမဝါယမ အဖွဲ့ | ၁☒ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး☒<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၇ | ပေါ်ခိန် မယ်ခိန်အဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☐<br>ဘာသာရေး☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၈ | အမျိုးသမီး ရေးရာ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး<br>ကျန်းမာရေး☒<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုး | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | ရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၉ | ရပ်မိရပ်ဖ အဖွဲ့ | ၁☐ ၂☐<br>၃☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၁၇)ဦးရှိပြီး စွမ်းဆောင်နိုင်မှု အသင့်အတင့်ရှိ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်း အဖွဲ့ပေါင်း (၈) ဖွဲ့ရှိပြီး စီးပွါးရေးကို အခြေခံသောအဖွဲ့ ၂ဖွဲ့ရှိပြီး လူမှုရေးသီးသန့်အခြေခံသော အဖွဲ့(၄)ဖွဲ့နှင့် လူမှုရေးနှင့် ဘာသာရေးပူးတွဲလုပ်နေသောအဖွဲ့ ၂ဖွဲ့ နှင့် ရှိသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန်ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ ပြင်ပမှ လုပ်ငန်းလိုအပ်ချက်အရဖွဲ့စည်းခဲ့သော အဖွဲ့များရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန်ယုံကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်း အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှုမ ရှိကြပါ။

## သဘာဝရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၄-၁)ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား **(၄)** ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၃၉.၅ | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၆ | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂ | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| **စုစုပေါင်း** | **၁၄၇.၅** | |

**ရင်းမြစ် ...** (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လယ်၁၃၉.၅ ဧက၊ ယာမြေ/တောင်ယာမြေ ၆ ဧက နှင့် ဥယျာဉ်ခြံမြေ ၂ ဧက ရှိသည်။ ကိုင်း/ကျွန်းမြေ၊ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များ မရှိပါ။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအသုံးပြုသည်။မြေဆီမြေလွှာ အသင့်အတင့်ရှိသည်။ထို့ကြောင့် ညံ့ ဟု ဆိုနိုင်သည်။

## ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(သတ္တု၊ကျောက်မျက်၊ ကျောက်၊ သဲ၊ ကျောက်စရစ်) စသည်များ | သဲ (များ) | လွယ် |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု<br>(လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝ အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော) | သင့် | လွယ် |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆွေးနွေးမှုလေ့လာတွေ့ရှိချက်အရ သယံဇာတများ အသုံးမပြုနိုင်ခြင်း၊ကျောက်၊သဲ စသည်တို့တွင်လည်း လွယ်ကူစွာ အသုံးမပြုနိုင်ပါ။သဘာဝ အလျောက် ဆေးဘက်ဝင် အပင်နှင့် သဘာဝတိရစ္ဆာန်မျိုး၊အင်းအိုင်များ မရှိသောကြောင့် အသုံးပြုနိုင်ခြင်းမရှိပါ။

## ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၆)** ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | **များ** | အသင့်အတင့် | နည်း | အလွန်နည်း(သို့)မရှိ |
| အိမ်အခြေအနေ | **တိုက်ခံ/သွပ်မိုး** | **ပျဉ်ထောင်/သွပ်မိုး** | **သွပ်မိုး/ထရံကာ** | **သွပ်မိုး/ထရံကာ** |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား | ထွန်စက် | ဆိုင်ကယ် | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | **လယ်ယာ** | **လယ်ယာ** | **လယ်ယာ** | တောင်ယာ |
| **အိမ်ထောင်စု (၃၃၈)** | ၂၅၈ | ၄၀ | ၂၀ | ၂၀ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာအတွင်း အစည်းအဝေး လေ့လာတွေ့ရှိချက်အရ မြေယာပိုင်ဆိုင်မှု နည်းသည်ကို တွေ့ရှိရသည်။အိမ်အခြေအနေမှာ ၅၀% အသင့်အတင့် ရှိသည်ကို တွေ့ရသည်။အလုပ်အကိုင်အခွင့်အလမ်း မရှိသဖြင့် ကျပန်း/နေ့စား အလုပ်သမားများသည်ကို တွေ့ရသည်။ထို့ကြောင့် စီးပွားရေး မပြေလည်သော အိမ်ထောင်စုများပြားသည်ကို တွေ့ရသည်။ပုံမှန် အလုပ်အကိုင် မရှိသောကြောင့် ပြည်တွင်း/ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြရသည်။

**ထိခိုက်လွယ်မှု**

ဇယား(၇)ဆင်းရဲသောအိမ်ထောင်စုများ၏ဝမ်းစာဖူလုံမှုအခြေအနေ(ဥစ္စာဓနအဆင့်'၃'နှင့် '၄'အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၄၀ | အခြားအစာပြောင်းလဲစား = ----- မရှိ---------------<br>အစာလျှော့စား = --------မရှိ---------------<br>အထောက်အပံ့ယူ = -------- မရှိ---------------<br>ချေးယူ = -------ယူ--------------<br>လုပ်အားခကြိုယူ = ---------ရှိ--------------- |
| ၃လနှင့်၆လ ကြားဝမ်းစာဖူလုံမှု | ၂၀ | အခြားအစာပြောင်းလဲစား = ---------မရှိ------------<br>အစာလျှော့စား = ----------မရှိ-------------<br>အထောက်အပံ့ယူ = ----------မရှိ-------------<br>ချေးယူ = ---------ယူ------------<br>လုပ်အားခကြိုယူ = -----------ရှိ------------- |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၂၀ | အခြားအစာပြောင်းလဲစား = ---------မရှိ------------<br>အစာလျှော့စား = -----------မရှိ------------<br>အထောက်အပံ့ယူ = -----------မရှိ------------<br>ချေးယူ = ---------၆၀------------<br>လုပ်အားခကြိုယူ = ------------၂၀------------ |

ရင်းမြစ် ....... ဥစ္စာဓနအဆင့်"၃"နှင့်"၄"အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဥစ္စာဓနအဆင့်"၃"နှင့်"၄"အိမ်ထောင်စု၏ ၃၀%စစ်တမ်းကောက်ယူချက်အရ ဝမ်းစာဖူလုံမှုနှင့်ပတ်သက်၍ အဆင့်၃ အိမ်ထောင်စုများတွင် ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု စုဆောင်းနိုင်ခြင်း၊အဆင့်၄ အိမ်ထောင်စုများတွင် ၃လအောက် ဝမ်းစာဖူလုံမှု ရှိခြင်းကို တွေ့ရှိရသည်။ထို့ကြောင့် အဆင့်"၃"နှင့်"၄"အိမ်ထောင်စုများတွင် လုပ်အားခ ကြိုတင်ထုတ်ယူခြင်း/ ချေးငွေများ ချေးယူခြင်းဖြင့် ဖြေရှင်းကြရသည်။

**ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအန**

**ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအန**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၂ | ၃ | ၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ၁ | - | ၁ |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲသည့်မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၃၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | ၂၀ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စု | ၁၀ | | |

ရင်းမြစ် ........ ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရပ်မိရပ်ဖများ ဆွေးနွေးချက်အရ သက်ကြီးရွယ်အို(က ၂+မ၃)ဦး ရှိသည်ကို တွေ့ရှိရသည်။ထို့ကြောင့် အလွန်နည်းသည်ဟုဆိုနိုင်သည်။ ဆင်းရဲ၍ မိသားစု ဦးရေများသည် အမျိုးသမီးအိမ်ထောင်စု ၃၀ရှိပြီး မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု ၂၀ ရှိသည်။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စု ၁၀စုရှိသည်။ ထို့ကြောင့် ဤမိသားစု များသည် ထိခိုက်မှု လွယ်သည်။ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည်။

**ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရကျေးရွာ၏၆၅%မှာစားနပ်ရိက္ခာဖူလုံ၍ကျန်၃၅%မှာစားနပ်ရိက္ခာဖူလုံမှုမရှိပေ။ဤကဲ့သို့ဖြစ်ရခြင်းမှာကျေးရွာအတွင်း သဘာဝမြေအရင်းအမြစ်ဖြစ်သောသဲနုန်းဆန်သောမြေဆီလွှာများဖြစ်သောကြောင့်မိုးရေခံလယ်များဖြစ်ပြီးစိုက်ပျိုးသီးနှံအတွက်သဘာဝမြေဩဇာများဝယ်ယူနိုင်ရန်အတွက်ငွေကြေးလုံလောက်စွာမရှိသောကြောင့် ကျေးရွာ၏လူဦးရေ၂၅%မှာလယ်ယာမြေအနည်းငယ်ရှိကြပါသည်။လူနှင့်တိရစ္ဆာန်များရာသီအပြောင်းအလဲကြောင့်ကူးစက်တတ်သောရောဂါအခြေအနများမှာလူ–ဖျားနာတတ်ပြီးတိရစ္ဆာန်များမှာခွာနာ၊ လျှာနာများဖြစ်တတ်ပါသည်။လူကုန်ကူးခြင်းမရှိပါ။ဝေးလံခေါင်းပါးသောကြောင့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းမရှိသော်လည်းလွယ်ကူစွာဖြင့်သွားလာနိုင်ပါသည်။

ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိရောက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးဝါးစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် |

| | | |
|---|---|---|
| | | ☑ မရှိ □ |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ | မြင့် □ လတ် □ နိမ့် ☑ မရှိ □ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် □ လတ် □ နိမ့် ☑ မရှိ □ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် □ လတ် □ နိမ့် ☑ မရှိ □ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် □ လတ် □ နိမ့် □ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် □ လတ် □ နိမ့် ☑ မရှိ □ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် □ လတ် □ နိမ့် □ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | မြင့် □ လတ် □ နိမ့် □ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် □ လတ် □ နိမ့် □ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် □ လတ် □ နိမ့် □ မရှိ ☑ |
| ၁၅ | လှည့်လည်သွာားလာ၍ ဈေးရောင်းသူများ | မြင့် □ လတ် □ နိမ့် □ မရှိ ☑ |
| ၁၆ | နေရပ်ပြန်အခြေချနေထိုင်သူများ | မြင့် □ လတ် □ နိမ့် □ မရှိ ☑ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် □ လတ် □ နိမ့် □ မရှိ ☑ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် □ လတ် □ နိမ့် □ မရှိ ☑ |

ရင်းမြစ် ......... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာတွင်အဓိကထိခိုက်ခံနိုင်သောခံရမှုအများဆုံးဖြစ်သောကျေးရွာအတွင်းရှိလူငယ်အများဖြစ်သည်။အများစုမဟုတ်သော်လည်းအချို့သောလူငယ်များသည်ကျေးရွာ၏အနာဂတ်လူငယ်များမဟုတ်ဘဲမူးရစ်ဆေးဝါး၏ကျေးကျွန်များအဖြစ်ခံယူနေကြသည်။ဤကဲ့သို့ထိခိုက်ခံနေရသောကျေးရွာအသီးသီးမှလူငယ်များကိုမူးရစ်ဆေးဝါးများ၏သားကောင်းများဖြစ်လာစေရန်အတွက်မူးရစ်ဆေးဝါးများနှင့်သက်ဆိုင်သောပညာပေးဟောပြောပွဲများကိုပို့ချသင်ကြားပေးစေချင်ပါသည်။

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ
ဇယား(၁၁)ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်) | အဖွဲ့ဝင် | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | မြစိမ်းရောင် | ၁☑ ၂ □ ၃□ | ၃ | ၄ | ၇ | ပညာရေး □<br>ငွေကြေး ☑<br>ကျန်းမာရေး □<br>ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | ကောင်း ☑<br>သင့်□<br>ညံ့ □ |
| ၂ | ဘာသာရေးနှင့်ယဉ်ကျေးမှု | ၁□ ၂ □ ၃☑ | ၂ | ၂ | ၄ | ပညာရေး □<br>ငွေကြေး □<br>ကျန်းမာရေး □<br>ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | ကောင်း ☑<br>သင့်□<br>ညံ့ □ |
| ၃ | လူမှုရေးအဖွဲ့ | ၁□ ၂ ☑ ၃□ | ၄၀ | ၂၀ | ၆၀ | ပညာရေး □<br>ငွေကြေး □<br>ကျန်းမာရေး □<br>ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | ကောင်း ☑<br>သင့်□<br>ညံ့ □ |
| ၄ | | ၁□ ၂ □ ၃□ | | | | ပညာရေး □<br>ငွေကြေး □<br>ကျန်းမာရေး □<br>ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ | ကောင်း □<br>သင့်□<br>ညံ့ □ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | လုံခြုံရေးနှင့်ကာကွယ်ရေး □ | |
| ၅ | | ၁□ ၂ □ ၃□ | | | | ပညာရေး □<br>ငွေကြေး □<br>ကျန်းမာရေး □<br>ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | ကောင်း □<br>သင့်□<br>ညံ့ □ |
| ၆ | | ၁□ ၂ □ ၃□ | | | | ပညာရေး □<br>ငွေကြေး □<br>ကျန်းမာရေး □<br>ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | ကောင်း □<br>သင့်□<br>ညံ့ □ |
| ၇ | | ၁□ ၂ □ ၃□ | | | | ပညာရေး □<br>ငွေကြေး □<br>ကျန်းမာရေး □<br>ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | ကောင်း □<br>သင့်□<br>ညံ့ □ |

ရင်းမြစ် ....... ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

**(၁) စီးပွားရေးအခြေခံသောအုပ်စု–လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည်။**

**(၂) လူမှုရေးအဖွဲ့ –ဥပမာ–အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

**(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။မြစိမ်းရောင်အဖွဲ့ရှိခြင်းကြောင့်ရပ်ရွာ၏လူမှုရေး၊စီးပွားရေးတစ်စိတ်တစ်ဒေသပြေလည်စေသည်။လူငယ်ကူညီမှုအသင်းအဖွဲ့မရှိသော်လည်းရပ်ရွာမှလူကြီးလူငယ်စုပေါင်းကာသာရေး/နာရေး/လူမှုဖွံ့ဖြိုးရေးစသည့်လုပ်ဆောင်ရာများတွင်စည်းလုံးညီညွတ်စွာပါဝင်ဆောင်ရွက်ကြသည်။အပျို၊လူပျိုနှင့်ပေါ်ခိန်၊မယ်ခိန်အဖွဲ့များကလည်းရပ်ရွာလူမှုရေးကိစ္စများတွင်ပါဝင်လုပ်ကိုင်ကြပြီးဂေါပက

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ) (ဥပမာ–ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ)–Care International ,Save the Children,Gret,Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာGIZ, UKAID,USAID စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ(ဥပမာ–သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။မြို့သစ်ကျေးရွာသည် ဝေးလံခေါင်းပါးသောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့်ပြည်ပမှရပ်ရွာအတွက်ကူညီပံ့ပိုးမှုမရှိသေးပါ။ဖုန်းလည်းများမှာကောင်းသော်လည်းဆက်သွယ်ရာတွင်အသင့်တင့်ရှိသည်။အသိအမြင်ဗဟုသုတများမရှိခြင်းကြောင့်ပြည်တွင်း/ပြည်ပချိတ်ဆက်မှုရနိုင်သော်လည်းချိတ်ဆက်မှုအားနည်းရခြင်းကြောင့်ဖြစ်သည်။

**သီးနှံထုတ်လုပ်ရေး**

**စိုက်ပျိုးနိုင်သောမြေဧရိယာ**

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | **၃၀၀** | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | **၅** | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | **၃၀** | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | **၃** | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | **-** | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၃၃၈** | |

**ရင်းမြစ်** … (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မြေယာမဲ့ ၃၀၀အိမ်၊ ဆင်းရဲသားတောင်သူ ၆အိမ်၊ တောင်သူငယ်၃၇အိမ်၊ တောင်သူလတ် ၄အိမ်ရှိသည်။ မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်သည် အရေအတွက်အားဖြင့် (၄၇) ဦးရှိသော်လည်း တောင်သူဦးရေ နည်းပြီး မြေယာမဲ့ အိမ်ထောင်စုများ ကြောင်း တွေ့ရှိရသည်။

အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်မှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၄)ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)** | **လုံလောက်မှု(ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)** |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး □<br>ရာသီအလိုက် □ | ရှိ □ မရှိ ☑ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး □<br>ရာသီအလိုက် □ | ရှိ □ မရှိ ☑ |
| ၃ | မြစ်ရေတင်စီမံကိန်း | | တစ်နှစ်ပတ်လုံး □<br>ရာသီအလိုက် □ | ရှိ □ မရှိ ☑ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး □<br>ရာသီအလိုက် □ | ရှိ □ မရှိ ☑ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး □<br>ရာသီအလိုက် □ | ရှိ □ မရှိ ☑ |

| | | | | |
|---|---|---|---|---|
| ၆ | လက်ငင်းရေတွင် | | တစ်နှစ်ပတ်လုံး □<br>ရာသီအလိုက် □ | ရှိ □ မရှိ ☑ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး □<br>ရာသီအလိုက် □ | ရှိ □ မရှိ ☑ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး □<br>ရာသီအလိုက် □ | ရှိ □ မရှိ ☑ |

ရင်းမြစ် ……….. (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊(၂)ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုး ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အုပ်စုဖွဲ့များ၏ လေ့လာဆွေးနွေးချက်အရ ဆည်၊မြောင်း၊ ချောင်း၊ကန်များ နည်းပါးခြင်း၊ မြစ်ရေတင်စီမံကိန်းများ မရှိခြင်းတို့အတွက်ကြောင့် တစ်နှစ်ပတ်လုံး မစိုက်ပျိုးနိုင်ပါ။

**အဓိကသီးနှံများနှင့် အထွက်နှုန်း**

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| စပါး | ၄၀၀ | တင်း | ၃၀ | ၅၀ | ၄၀ | ၇ | ၁၁ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| ဆီမုန့်ညှင်း | ၂၅ | တင်း | ၃ | ၅ | ၄ | ၁၀ | ၂ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်လယ်တစ်ဧကလျှင်အများဆုံးစပါးတင်း(၅၀)ထွက်ရှိပြီး ပျမ်းမျှရာခိုင်နှုန်းမှာတစ်ဧကလျှင်တင်း(၄၀)ထွက်၍အနည်းဆုံးမှာတင်း(၃၀)ထွက်ရှိပါသည်။မုန့်ညှင်း သည်လယ်တစ်ဧကလျှင်(၅)တင်းထွက်ရှိပြီးပျမ်းမျှတစ်ဧကလျှင်တင်း(၄)ထွက်ရှိ၍အနည်းဆုံးမှာတင်း (၃)တင်းသာထွက်ရှိပါသည်။

လယ်ယာသုံးစက်ကိရိယာများ

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ☑ | | | |
| လက်တွန်းထွန်စက် | | | | |
| အစေ့ချကိရိယာ | ☑ | | | |
| ရိတ်သိမ်းခြွေလှေ့ စက် | ☑ | | | |
| ရိတ်သိမ်းစက် | ☑ | | | |
| ခြွေလှေ့စက် | ☑ | | | |
| ရေစုပ်စက် | ☑ | | | |
| ခြေနင်းရေတင်စက် | | | | |
| မြက်ရိတ်စက် | ☑ | | | |

ရင်းမြစ်............(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အိမ်ထောင်စုစာရင်းကောက်ယူမှုနှင့် ဦးတည်အုပ်စုဆွေးနွေးချက်များအရ ကျေးရွာတွင် လယ်တွန်းစက်(၃၅)ခုရှိပြီး ရိတ်သိမ်းစက် ၄ခု၊ခြွေလှေ့စက်၂ခု၊ရေစုပ်စက် ၁၀ခု နှင့် မြက်ရိတ်စက်၉ခုရှိပြီး အလွန်နည်းပါးကြောင်း တွေ့ရှိရသည်။ထို့ကြောင့် အထောက်အကူပစ္စည်းများ ရရန်လိုအပ်သည်။

သီးနှံထွက်နှုန်းတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား(၁၇) သီးနှံထွက်နှုန်းတိုးတက်စေရန်အတွက်အခွင့်အလမ်းကောင်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း □ ကောင်း □ သင့်တင့်မျှတ ☑ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း □ ကောင်း □ သင့်တင့်မျှတ ☑ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ □ အသင့်တင့်ရှိ ☑ |

| | |
|---|---|
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်□ ရသည် □ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□<br>သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☑ |
